# “သင်၏ဆယ်ကျော်သက်အတွက် စံပြသူရဲကောင်းမည်သို့ဖြစ်မည်နည်း”

# HOW TO BE A HERO TO YOUR TEENAGER

## (By Joe White)

## မေတ္တာတရား – ခိုင်မာသောအခြေခံအုတ်မြစ်

အောင်မြင်သောခေါင်းဆောင်တစ်ဦးသည် သူ၏ပြည်သူပြည်သားများကို အလေးထားသည်။ အောင်မြင်သော မိဘတစ်ဦးသည် သူ၏ သားသမီးများကို အလေးထားသည်။ မျက်မှောက်ကာလ ဆယ်ကျော်သက်များက ၎င်းတို့၏ ဆယ်ကျော်သက်အရွယ် ပျက်ဆီးမှုကိုကြီးမားစွာ ဟန့်တားကာကွယ်ပေးနိုင်သူများမှာ ၎င်းတို့အား အလေးထားသည့် မိဘများပင်ဖြစ်သည်ဟု ယုံကြည်ကြသည်။

ကလေးများအား ချစ်ခြင်းမေတ္တာစေတ် စိမ့်ဝင်အောင်ဖန်တီးသည့် မိသားစုမှ ပေါက်ဖွားလာသော သူငယ်ချင်းတစ်ဦး ရှိသည်။ သူမ၏ မိဘများက ပြည့်တန်ဆာတစ်ဦး၏ ကလေးနှစ်ဦးကို မွေးစားခဲ့သည်။ ကလေးများတွင် ဖခင်မရှိကြပါ။ သူတို့မွေးဖွားကာစ အစောပိုင်းနှစ်များတွင် ခွေးအိမ်တစ်လုံးရှိ ခွေးတစ်ကောင်နှင့်အတူ နေကြရသည်။ သူတို့နှုတ်က ပြောတတ်ထွက်တတ်သည်မှာ ခွေးဟိန်းသံ၊ ငြီးသံနှင့် ဟောင်သံတို့ပင်ဖြစ်သည်။ အသက် ၆နှစ်နှင့် ၇နှစ်အရွယ်သို့ အသီးသီးရောက်ရှိလာကြသောအခါ သူတို့နှစ်ဦးအားအံ့သြဖွယ်ကောင်းသော မိဘနှစ်ဦးက မွေးစားခဲ့ပြီး ချစ်ခြင်းမေတ္တာကို သူတို့ရှာဖွေတွေ့ရှိစ ပြုလာကြသည်။ နေ့တိုင်း “သားတို့ကို ချစ်တယ်” ဟူသော စကားကို ထပ်ကာထပ်ကာ ကြားရပြီး ကြိမ်ဖန်များစွာပင် ပွေ့ဖက်ခြင်း၊ ကျောသပ်ခြင်း၊ ပခုံးပုတ်ခြင်းတို့ကို ခံစားကြရသည်။

မွေးစားချိန်က ကလေးနှစ်ဦး၏ IQ (မှတ်ဉာဏ်စံချိန်) မှာ ၃၇မျှသာဖြစ်သည်။ စစ်ဆေးကြည့်ရာတွင်လည်း “ဉာဏ်ရည်မမီသောကလေးများကျောင်းတွင် ထာဝရထားရမည်ဖြစ်ပြီး သာမန်ဉာဏ်ရည်ကို မည်သည့်အခါမျှ မရနိုင်တော့” ဟူသော အဖြေပင်ဖြစ်သည်။

ချစ်ခြင်းမေတ္တာ အပြည့်ဖြင့်ပြုစုခံရပြီး တစ်နှစ်ခန့်အကြာတွင် သူတို့သည် စာဖတ်တတ်ရုံမျှမက နေ့စဉ်သတင်းစာပါ အကြောင်းအရာများကိုပင် ဆွေးနွေးနိုင်လာကြသည်။

(ကလေးနှစ်ဦးအတွက် နှုတ်မှပြောရန် ပထမဆုံးသင်ယူရသည့်စကားမှာ “မေမေ့ကိုချစ်တယ်” “ဖေဖေ့ကိုချစ်တယ်” ဟူ၍ဖြစ်သည်။ ထိုသို့ချစ်တယ်ဟူသော စကားကိုစပြီး သင်ကြားတတ်မြောက်သည့်နေ့က အခန်းကိုဝင်လိုက်ထွက်လိုက်လုပ်ပြီး ထိုစကားကို အကြိမ်မရေတွက်နိုင်အောင် ထပ်ကာထပ်ကာပြောနေခဲ့ကြသည်။

သင်၏ ကလေးငယ်များအတွက် ချစ်ခြင်းမေတ္တာဟူသည် “အချိန်ကာလ” ဟူသောစကားကို မမေ့ပါနှင့်။ ချစ်ခြင်းမေတ္တာကို ပုံမှန်တွေ့ဆုံသည့် အာမခံချက်မရှိဘဲ ဆက်စပ်ယူ၍မရနိုင်ပါ။ သင်၏ နေ့စဉ်အချိန်ဇယားကို ပြန်လည်စစ်ဆေးသုံးသပ်ပြီး သင်၏ ဆယ်ကျော်သက် သားသမီးများအတွက် အချိန်ကိုဖန်တီးရယူပါ။

သို့သော် ဤကိစ္စကား တစ်ခါတစ်ရံတွင် ခက်ခဲလှပါသည်။

နွေရာသီတစ်ခုတွင် ကျွန်ုပ်၏ ၆နှစ်သမီးကလေးသည် ကျွန်ုပ်တို့အနီးအနားရှိ ရက်တိုအပန်းဖြေစခန်းတစ်ခုတွင် တစ်ပတ်ခန့်ပါဝင်စခန်းချနေခဲ့သည်။ သူမအား တစ်ပတ်ခန့်သွား၍ မတွေ့ရန်သဘောတူထားခဲ့ကြသည်။ (ထိုကိစ္စကား မလွယ်ကူပါ။) ကို့တ်နေး (Courtney) ၏ရွှေရောင်ဆံပင်ရှည်ကြီးများနှင့် ပါးချိုင့်ကလေးများက သူ့ဖခင်၏ နှလုံးကိုယူကြုံးဆွဲငင် နေပါသည်။

စခန်းချကာလ၏ ပဉ္စမမြောက်ညတွင်ကား ကို့တ်နေးခမျာ အိမ်ကိုလွမ်းဖျား လွမ်းနာကျရှာတော့သည်။ သူမက ငိုနေသဖြင့် စခန်းရှိအကြံပေးပုဂ္ဂိုလ်က သူမထံသို့လာပြီး ပွေ့ဖက်နှစ်သိမ့်ခဲ့သည်။

“မငိုနဲ့တော့ ကလေးရယ်။ ၂ရက်ကြာရင် အိမ်ပြန်ရတော့မှာပဲ။ ပြီးတော့ ဖေဖေနဲ့မေမေကိုလည်း တွေ့ရတော့မှာပေါ့”

“သမီး ဖေဖေ့ကိုဘယ်တော့မှ တွေ့ရမှာမဟုတ်တော့ဘူး” ဟုသူမက အဓိပ္ပါယ်မရှိ ကာကွယ်ပြောဆိုကာ ငိုနေခဲ့သည်။

စခန်းချကာလပြီးဆုံးသောအခါ စခန်းဒါရိုက်တာက ကျွန်ုပ်အိမ်သို့ရောက်လာပြီး “ထိုင်ပါဦး” ဟုခပ်ထန်ထန်ပြောသည်။ ဘယ်လိုဖြစ်တာလဲဟု စဉ်းစားရင်းထိုင်ချလိုက်ပါသည်။ ကို့တ်နေးနှင့် အကြံပေးပုဂ္ဂိုလ်တို့ ပြောစကားများကို ကျွန်ုပ်အားပြန်၍ ပြောပြပါသည်။ ထိုစကားများကြောင့် ကျွန်ုပ်ရင်ကွဲရပါသည်။

“ဒီကိစ္စကိုခင်ဗျား ဘယ်လိုလုပ်မလဲ” ဟုသူကမေးပါသည်။

“ကျွန်တော်မပြောတတ်ဘူး။ ခက်တော့ ခက်တာပဲ။ ဝယ်အားကလည်း အရမ်းလိုက်နေတယ်”

“ ဂျိုး ခင်ဗျားဘဝမှာ ဘယ်သူတွေက အရေးကြီးဆုံးလဲ”

“ကျွန်တော့်မိသားစုပေါ့”

“ဒါပေမဲ့ ဒီလိုအလေးထားတာကို ခင်ဗျားမပြဘူး”

သူက ဆက်ထိုင်နေပြီး နေရာမှတစ်လက်မပင် မရွှေ့ပါ။ ဒီနေ့ ကျွန်ုပ်ဆောင်ရွက်နေသောကိစ္စများမှ အာမခံချက်တစ်ချို့ကို သူကအတင်း အဓမ္မတောင်းဆိုနေသည်။ အခု အချိန်အထိ မလွယ်လှသေးပါ။ ဝယ်လိုအားတွေကလည်း ရှိနေသည်။ တကယ်တော့ သူတို့တောင်းဆိုချက်တွေက ပိုဆိုးလာသည်။ သို့သော် ကျွန်ုပ်၏ဦးစားပေးမှုများကား ပြောင်းလဲနေပါပြီ။

ကျွန်ုပ်က သင့်အိမ်ထဲသို့ အတင်းဝင်လာပြီး သင့်ကိုထိုင်ခိုင်းကာ ကျွန်ုပ်အားမေးခဲ့သောမေးခွန်းကို သင့်အားကရုဏာဒေါသောဖြင့် မေးစမ်းပါရစေ။

သင့်ဘဝတွင် မည်သူတို့သည် အရေးကြီးဆုံးပုဂ္ဂိုလ်များ ဖြစ်ပါသလဲ။ သင်၏ အဆုံးအစမဲ့သော အလေးထားမှုကို သူတို့နေ့စဉ် မည်မျှရရှိကြပါသလဲ။ ထိုကိစ္စအတွက် သင်မည်သို့ပြုလုပ်မလဲ။

ကျွန်ုပ်တို့ကဲ့သို့ အလွန်အလုပ်များသော မိဘများအနေဖြင့် ကျွန်ုပ်တို့၏ ဆယ်ကျော်သက် သားသမီးများနှင့်အတူနေဖို့အချိန်ကိုစီစဉ်ကြရန် မကြာမီက ထုတ်ဝေသော နယူးစ်ဝိခ် (Newsweek) မဂ္ဂဇင်းတွင် အလေးအနက် သတိပေးထားသည်။ သူတို့ (ဆယ်ကျော်သက်များ) သည် မိဘများ၏ ချုပ်ခြယ်မှုမှ ကင်းလွတ်သော လွတ်လပ်မှုအသစ်ကို ရှာဖွေနေကြပြီး သာယာမှုကိုဦးစားပေးသည့် ယဉ်ကျေးမှု ဓလေ့စရိုက်များကို လက်ခံကာ မိခင်နှင့်ဖခင်တို့ အလုပ်သွားနေချိန်တွင် ၎င်းတို့၏အိပ်ခန်းထဲတွင်ပင် အရွယ်နှင့်မလိုက်သော လိင်ဆက်ဆံမှု ပြုနေကြကြောင်း" ကိုလည်း သတိပေးဖော်ပြထားပါသည်။

သင်၏ အလေးပေးဂရုစိုက်မှုကို သင့်ကလေးများ နားလည်သဘောပေါက်ရန် လိုအပ်ချက် ၃ခုကို သတိထားပါ။ ပထမလိုအပ်ချက်မှာ ချစ်ခြင်းမေတ္တာ ဖြစ်သည်။ ဒုတိယမှာ အချိန်ဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် ကြီးမားပြန့်ကားသော နားတစ်စုံဖြစ်သည်ဟူသော စကားကဲ့သို့ တတိယအရေးကြီးဆုံးအချက်မှာ ခြွင်းချက်မရှိ နားထောင်ပေးခြင်းပင် ဖြစ်ပါသည်။

သင်၏ ကလေးငယ်က ပြဿနာတစ်ခုဖြင့် သင့်ထံလာပြီးပြောဆိုသောအခါ သာမန်အားဖြင့် နားထောင်သည့်အချိန်သည် မိနစ် ၃၀ခန့်မျှကြမြင့်မည် ဖြစ်သော်လည်း အံ့သြဖွယ်ကောင်းသော အကျိုးကျေးဇူးကို သင်ရရှိပါလိမ့်မည်။ ဆယ်ကျော်သက် ကလေးငယ်များ၏ ထိုသို့သော ပြဿနာဖြင့် ရှုတ်ထွေးနေသည့် အခိုက်အတန့်တွင် ကျွန်ုပ်အနေဖြင့် သာယာနာပျော်ဖွယ် စကားများဖြင့်သာ ဖန်တီးတုန့်ပြန်လေ့ရှိပါသည်။

သင့်ကလေးငယ်က သင့်ထံတွင် အကြံတောင်းခံဖို့ ကြိုးစားလာသောအခါ သင်က သူ့အားမေးခွန်း ၃ခုမေးလိုက်ပါ။ သင်၏ ရည်မှန်းချက်မှာ ပြဿနာ၏အဖြေကို ရှာဖွေရေးအတွက် သူ့အား ကူညီရန်ဖြစ်ပြီး ပြဿနာဖြေရှင်းရေးကို အတူတကွဆောင်ရွက်ရန်ဖြစ်သည်။ ပြဿနာကို သူ/သူမထက် မည်သူကမျှ ပို၍မသိနိုင်ပါ။ ကျွန်ုပ်သည် ကျွမ်းကျင်သော နှစ်သိမ့်ဆွေးနွေး အကြံပေးသူမဟုတ် သလို အသက်မွေးဝမ်းကျောင်း စိတ်ပညာရှင်တစ်ဦးလည်း မဟုတ်ပါ။ သို့ရာတွင် ထိခိုက်ခံစားနေရသော ကလေးငယ်တစ်ဦးနှင့် ပတ်သက်၍ မည်သည့်မိဘမဆို ဤလုပ်ငန်းစဉ်ကို အသုံးပြုခြင်းဖြင့် အောင်မြင်မှုရရှိနိုင်ပါသည်။

ဤနည်းကို အံ့သြဖွယ်ကောင်းအောင် အကျိုးသက်ရောက်စေသော အရေးကြီးသည့် အခြေခံစည်းမျဉ်း ၃ခုရှိပါသည်။ ပထမစည်းမျဉ်းမှာ သင့်အနေဖြင့် သင်၏မျက်လုံးများ၊ မျက်နှာအမူအရာနှင့် စကားလုံးတို့ဖြင့် စာနာမှုကို ပြဆိုသော ဝန်းကျင်ကိုဖန်တီးရပါမည်။ "သားဖြစ်နေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဖေဖေတကယ့်ကို သဘောပေါက်ပါတယ်။ သားကို အနှောက်အယှက်ပေးနေတဲ့ ဒီပြဿနာရဲ့အဖြေကိုရနိုင်ဖို့ သားအတွက်အလေးထားပြီး အလေးအနက်ကူညီချင်ပါတယ်" ဟူသောစကားမျိုးကို သင့်ကလေးငယ် ကြားသိဖို့လိုအပ်ပါသည်။

ဒုတိယအချက်မှာ ဆုံးဖြတ်ချက်များအရင်စလို မချပါနှင့်။ မခိုင်မာသော အကြံဉာဏ်များ မပေးပါနှင့်။ အပေါ်ယံပြဿနာ (အရက်သောက်ခြင်း၊ လိင်ကိစ္စရန်ဖြစ်ခြင်း စသည်) ကလေးငယ်၏ နှလုံးသားထဲတွင် နက်နဲစွာမြှုပ်နေသည့် တကယ့်ပြဿနာ၏ ရလဒ်တစ်ခု ဖြစ်ပါသည်။ ပြဿနာအစစ်အမှန်ကို ဖော်ထုတ်ရေးအတွက် မေးခွန်းများမေးပါ။ အာရုံစူးစိုက် နားထောင်ပါ။

တတိယစည်းမျဉ်းမှာ ရှုတ်ချခြင်း၊ ဝေဖန်ခြင်း မပြုပါနှင့်။ ဆန့်ကျင်ပြောဆိုမှုများက အခြားအရာထက်ပို၍ ဖြစ်စဉ်ကိုရပ်တန့်သွားစေပါလိမ့်မည်။

နိမိတ်ပြမေးခွန်းမှာ "ဘာဖြစ်တာလဲ" သို့မဟုတ် "ဘာလုပ်ချင်တာလဲ" ဖြစ်သည်။ (သင်၏ ဆယ်ကျော်သက် စိတ်ထဲရှိ ခံစားချက်ကို သင်က ရှာဖွေဖော်ထုတ်ပါ။)

ထို့နောက် "ဘာတွေခံစားနေရသလဲ" သို့မဟုတ် "ဘယ်လိုခံစားချက်မျိုး ဖြစ်နေသလဲ" ဟူသောမေးခွန်းများကို ဆက်၍မေးပါ။ (ဤတွင် သူ၏စိတ်ထဲ၌ မည်သို့ဖြစ်ပေါ်နေသည်ကို သင်တွေ့ရှိပါမည်။) ထိုသို့သော ခံစားချက်တူညီသည့်အဆင့်တွင် ဒုတိယမေးခွန်းကိုအခြားမေးခွန်းတစ်ခုဖြင့် ခြေရာခံကာ ခံစားချက်အမှန်ကို သတ်မှတ်ဖော်ထုတ်နိုင်ပါသည်။ ဥပမာ သင်က "ဘယ်လိုခံစားနေရသလဲ" ဟုမေးလျှင် သူက "သိပ်ဝမ်းနည်းတာပဲ" ဟုဖြေနိုင်ပါလိမ့်မည်။ သင်က "ဘယ်လိုဝမ်းနည်းတာမျိုးလဲ" ဟုမေးနိုင်ပါသည်။ သူ့အနေဖြင့် "သိပ်ပြီးရင်နာတာပဲ" သို့မဟုတ် "ဝိုင်းပယ်ထားသလိုပဲ" ဟု ဖြေကောင်းဖြေပါလိမ့်မည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာဆက်လုပ်မလဲ" ဟုဆက်၍မေးပါ။ သူက ပြန်ဖြေလျှင် အရင်စလိုကောက်ချက်မချပါနှင့်။ အကြံပေးချင်စိတ်ပေါ်လာပါက အောင့်အည်းနေလိုက်ပါ။ မေးခါန်းနံပါတ်တစ်ဖြင့် ပြန်လည်မေးခြင်းဖြင့် တကယ့်ပြဿနာကို သင်တွေ့ရှိပါလိမ့်မည်။ မတူညီသောအဖြေမျိုးကို တောင်းဆိုရာတွင် ဖော်ပြပါမေးခွန်း ၃ခုကိုပင်ရေလဲသုံး၍မေးပါ။ မိနစ်အနည်းငယ်ကြာမျှ စိတ်ရှည်လက်ရှည် နားထောင်ပြီးပါက သင့်ကလေးငယ်က သူဆောင်ရွက်ရမည့်လုပ်ငန်းကို သိမြင်စပြုလာပါလိမ့်မည်။ ထိုအခါတွင် သင်က "ကဲ အခုတော့ ဒီပြဿနာကို ဖြေရှင်းဖို့ဘာလုပ်ဖို့ လိုအပ်သလဲ" ဟုမေးပါ။ ထိုမေးခွန်း၏အဖြေကို စိတ်ရှည်စွာစောင့်ပါ။ "ဒီ

အတိုင်းတကယ်လုပ်မှာလား" ဒီလိုလုပ်ပြီးရင်ကော ပြန်ပြောပြမှာလား" ဟုမေးပါ။

နားထောင်တတ်ရန် လေ့လာသင်ယူပါ။ မေးခွန်းများမေးတတ်ရန် လေ့လာသင်ယူပါ။ တကယ့်ပြဿနာကို ဖုံးကွယ်ထားသော ရှုတ်ထွေးနေသည့် ခံစားချက်များကို ဖယ်ရှားပြစ်ရန် ကလေးငယ်အား ကူညီခြင်းဖြစ်သောကြောင့် ပြဿနာဖြေရှင်းရေးကိုလည်း ကူညီပေးနိုင်ပါသည်။

မကြာသေးမီက ကျွန်ုပ်ထံသို့ရောက်ခဲ့သော ဆယ်ကျော်သက်တစ်ဦး၏ အောက်ပါဖြစ်ရပ်ကို လေ့လာကြည့်ပါ။

ချစ်မေတ္တာကိုဖွင့်ဟမပြောနိုင်ခြင်း။ အိမ်မှထွက်လာခဲ့ပြီး ပေါ့ပေါ့နေပေါ့ပေါ့စားဖြင့် မြှောက်ပင့်နေသူများ၏ ဝန်းကျင်တွင် သုံးပတ်ခန့်နေပြီးမှာ ဘီလ် (Bill) နှင့် ကျွန်ုပ်တို့တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။ အသက်အားဖြင့် ၁၄နှစ်ခန့်ရှိပြီး စိတ်ဓါတ်ကျဆင်းနေသော မျက်နှာအမူအရာရှိသည်။ သူသည် ကျွန်ုပ်ထံသို့စိတ်ဒုံးဒုံးချပြီးမှ မျက်နှာထားတင်းတင်းဖြင့် ခိုင်မာစွာဆုံးဖြတ်ရောက်ရှိလာခြင်း ဖြစ်သည်။ သူက "ကျွန်တော် ပြဿနာတက်နေတယ်။ စိတ်ဓါတ်လဲသိပ်ကျနေပါတယ်" ဟုပြောပါသည်။

| | | |
|---|---|---|
| ဂျိုး (Joe) | – | ဘာပြဿနာလဲ။ |
| ဘီလ် (Bill) | – | မပြောတတ်ဘူး။ |
| ဂျိုး | – | စခန်းချတဲ့ပြဿနာလား။ |
| ဘီလ် | – | အဲဒါကြောင့် မဟုတ်ဘူးထင်တယ်။ |
| ဂျိုး | – | မင်းရဲ့အကြံပေးပုဂ္ဂိုလ်နဲ့လား။ |
| ဘီလ် | – | မဟုတ်ပါဘူး။ |
| ဂျိုး | – | ဘီလ် မင်းကိုငါနည်းနည်းပါးပါး မေးကြည့်မယ်။ မင်းအတွက် အထောက်အကူရပါလိမ့်မယ်။ (ကျွန်ုပ်က အဆင့် ၃ခုကို သူ့အားဂရုစိုက်၍ ရှင်းပြမည်။) ကဲ ဘာဖြစ်တာလဲ။ |
| ဘီလ် | – | ကျွန်တော်ဘာကိုမှ စိတ်မဝင်စားနိုင်ဘူး ဖြစ်နေတယ်။ |
| ဂျိုး | – | မင်းဘယ်လို ခံစားနေရသလဲ။ |
| ဘီလ် | – | ရှုတ်ထွေးနေတာပဲ။ |
| ဂျိုး | – | ဘာကြောင့်ရှုတ်ထွေးတာလဲ။ |
| ဘီလ် | – | စိတ်ထဲမှာမရှင်းဘူး။ နေမထိထိုင်မသာနဲ့။ |
| ဂျိုး | – | မင်းဘာလုပ်မလဲ။ |
| ဘီလ် | – | မသိဘူး။ ဘာလုပ်ရမှန်းမသိဘူး။ |
| ဂျိုး | – | ဘာဖြစ်လို့လဲ။ |

(ဘီလ်က မျက်မှောင်ကြုံ့နေသည်။ အတန်ငယ်ငြိမ်သက်သွားသည်။)

| | | |
|---|---|---|
| ဘီလ် | – | တစ်ခုခုပျောက်ဆုံးနေသလိုပဲ။ ရင်ထဲမှာပျောက်ဆုံးနေတာ |
| ဂျိုး | – | အဲဒီတော့ ဘယ်လိုခံစားရသလဲ။ |
| ဘီလ် | – | အားလုံးလစ်ဟာနေတယ်။ ဟာတာတာကြီးပေါ့။ |
| ဂျိုး | – | ဘာ့အတွက်ဟာနေတာလဲ။ |
| ဘီလ် | – | မသိဘူး။ အထီးကျန်သလိုမျိုးပေါ့။ |
| ဂျိုး | – | အဲဒီတော့ ဘာလုပ်မလဲ။ |
| ဘီလ် | – | သိပ်လုပ်စရာမရှိပါဘူး။ |
| ဂျိုး | – | ဘာဖြစ်လို့မရှိတာလဲ။ |
| ဘီလ် | – | ကျွန်တော့်မိဘတွေကို တွေ့ဖို့မျှော်လင့်နေတယ်။ တွေ့လည်း တွေ့သင့်တယ်။ |
| ဂျိုး | – | ဒီတော့ ဘာလုပ်မလဲ။ |
| ဘီလ် | – | ဘာကိုဆိုလိုတာလဲ။ |
| ဂျိုး | – | မင်းကပျောက်ဆုံးသွားသလို ခံစားရတယ်တဲ့။ အဲဒီတော့ အဲဒီလိုမခံစားရအောင် ဘာလုပ်မလဲလို့မေးတာ။ |
| ဘီလ် | – | ဟင်း။ |
| ဂျိုး | – | ဘာဖြစ်လို့လဲ။ |
| ဘီလ် | – | သူတို့ကို ချစ်ပါတယ်လို့ ကျွန်တော်မပြောနိုင်ဘူးလေ။ |
| ဂျိုး | – | ဒီတော့ ဘယ်လိုခံစားနေရလဲ။ |
| ဘီလ် | – | ဝမ်းနည်းတာပေါ့။ |
| ဂျိုး | – | ဝမ်းနည်းချင်တဲ့အကြောင်းက ဘာလဲ။ |
| ဘီလ် | – | သူတို့ကို ချစ်ပါတယ် လို့ပြောချင်တယ်။ ဒါပေမဲ့ ကျွန်တော် မပြောနိုင်ဘူး။ |

ဂျိုး – မပြောနိုင်တာလား။ မပြောချင်တာလား။

(ထိုသဲလွန်စကိုရပါက ခြေရာခံ၍လိုက်ပါ။)

ဘီလ် – အင်းလေ (အတန်ကြာတိတ်ဆိတ်သွားသည်။)

ဂျိုး – ဘာဖြစ်လို့လဲ။

ဘီလ် – သူတို့ကို အရင်ကတည်းက ချစ်တာပါဆိုတာတောင် ကျွန်တော်မပြောဖြစ်ခဲ့ဘူး။ (ငိုရှိုက်စပြုလာသည်။)

ဂျိုး – ဒီတော့ ဘယ်လိုခံစားရသလဲ။

ဘီလ် – တော်တော့်ကိုဆိုးတာပဲ။

ဂျိုး – မင်းဘာလုပ်မလဲ။

ဘီလ် – ဘာမှမလုပ်ဘူး။

(အထိရောက်ဆုံးမေးခွန်းကို မေးရန်အချိန်ကျပြီးဟု ကျွန်ုပ်ယူဆသည်။)

ဂျိုး – မင်းဘာလုပ်ဖို့လိုသလဲ ဘီလ်

ဘီလ် – စာရေးမယ်။ သူတို့ကိုချစ်တယ်လို့ စာရေးပြီးပြောတယ်။

ဂျိုး – ဘယ်တော့ရေးမှာလဲ။

ဘီလ် – ဒီနေ့ရေးမယ်။

ဂျိုး – တကယ်ရေးမှာလား။

ဘီလ် – တကယ်ရေးမှာပေါ့။ (သူ့မျက်နှာတွင် အားရပါးရပြုံးနေသည်။)

ဂျိုး – သူတို့ဆီစာရေးပြီးရင် ငါ့ကိုလာပြောဦးမလား။

ဘီလ် – လာပြောမှာပေါ့။ (သူ၏ စာရွက်နှင့်ဖောင်တိန်ကိုယူ၍ စိတ်လှုပ်ရှားစွာ ထွက်သွားပါသည်။)

နောက်နေ့တွင် ဘီလ်သည်ကျွန်ုပ်ထံသို့ ပြုံးပြုံးကြီးဖြင့် ရောက်ရှိလာပါသည်။ "အန်ကယ် ကူညီပေးတာ အရမ်းကိုအဆင်ပြေသွားတာပဲ" ဟုပြောပါသည်။

ချစ်ခြင်းမေတ္တာသည် ခြွင်းချက်မရှိဟု ကျွန်ုပ်ယုံကြည်ပါသည်။ ယနေ့ကာ ဆယ်ကျော်သက်များက ချစ်ခြင်းမေတ္တာဟူသည် သူတို့၏ လုပ်ဆောင်ချက်ပေါ်တွင် မူတည်သည်ဟု ခံစားကြသည်။ "မင်းရဲ့မျက်လုံးလေးတွေကို သိပ်ချစ်တာပဲ" "သားက အဆင့်အေတွေရတော့ သားကိုသိပ်ချစ်တာပေါ့" "ညက မင်း ၁၂မှတ်ရတဲ့အတွက် သမီးကိုမေမေချစ်တယ်" အကယ်၍ သူတို့သည် သတ်မှတ်သောစံနှုန်းကိုမရရှိလျှင် ချစ်ခြင်းမေတ္တာသည်လည်း ပျောက်ဆုံးသွားပြီဟု သူတို့ယူဆလေ့ရှိကြသည်။

တစ်နည်းအားဖြင့် အကြွင်းမဲ့ချစ်ခြင်းမေတ္တာသည် အလွန့်အလွန်ဖန်တီး တီထွင်တတ်သည်။ သူတစ်ပါးအား ကျေနပ်ပီတိဖြစ်စေသလို သူတစ်ဦး မှန်ရာကိုဆောင်ရွက်လိုသော ဆန္ဒရှိသူတစ်ဦး၏ ရင်ထဲတွင်အမှန်တကယ် တိုးတက်ကြီးထွားလာရသည်။

ကျွန်ုပ်သည် ပုဂ္ဂိုလ် ၇ဦး၏အကြွင်းမဲ့ ချစ်ခြင်းမေတ္တာကို ပျော်ရွှင်စွာခံစား သောက်သုံးရသူတစ်ဦး ဖြစ်သည်။ ကျွန်ုပ်၏ မိဘများသည် ကျွန်ုပ်အားအကြွင်းမဲ့ ယုံကြည်လေ့ရှိသည်။ ကျွန်ုပ်အမှားအယွင်း ပြုခဲ့မိသော်မှ သတိမထားတတ်ကြပါ။ (သို့သော် ကျွန်ုပ်ကိုယ်တိုင်မူ ပုံမှန်သတိရလေ့ရှိသည်။) ကျွန်ုပ်၏ဇနီးသည် သူမ၏ချစ်ခြင်းမေတ္တာအတွက် ကျွန်ုပ်အားမည်သည့် တောင်းဆိုချက်မျှ မပြုခဲ့ပါ။ ကျွန်ုပ်၏ သားသမီးလေးဦးက သူတို့သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဖခင်တစ်ဦးကို ပိုင်ဆိုင်ထားသည်ဟု ယုံကြည်လေ့ရှိသည်။ ထိုချစ်ခြင်းမေတ္တာကိုကား ဖေါ်ထုတ်ရှင်းပြနိုင်စွမ်း မရှိပါ။ ဦးစွာ ထိုချစ်ခြင်းမေတ္တာက ကျွန်ုပ်အားအလွန်စိတ်ချမ်းသာစေသည်။ စိတ်နလုံးအလို ပြည့်စေသည်။ ဒုတိယအချက်အနေဖြင့် ထိုချစ်ခြင်းမေတ္တာက ကျွန်ုပ်၏ရင်ထဲတွင် သူတို့အားကျေနပ်အောင် ဖြည့်ဆီးပေးလိုသောဆန္ဒကို လောင်မြိုက်လာစေသည်။ သူတို့အား စိတ်မဆင်းရဲစေချင်ပါ။ သူတို့ကြောင့်ပင် ကျွန်ုပ်မှန်ကန်စွာ ပြုမူဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

သင့်ဘဝထဲတွင် ကလေးများကို စဉ်းစားကြည့်ပါ။ သူတို့သည် သင်၏ချစ်ခြင်းမေတ္တာကို အမှန်တကယ် ခံယူရရှိပါသလား။ သင်၏ အသိအမှန်ပြုမှုကို မရရှိမီ သင်၏မျှော်မှန်းချက်များအတိုင်း ဆောင်ရွက်နိုင်သော အရည်အချင်းပြည့်မီရမည်ဟု သူတို့ယူဆပါသလား။ သူတို့သင့်အားလိုအပ်ချိန်တွင် သင့်ကိုမှီခိုအားထားပြုနိုင်သည်ဟု သူတို့ယူဆပါသလား။

လွန်ခဲ့သော ဆောင်းရာသီ အေးလှသည့်ညနေခင်းတစ်ခုတွင် ကျွန်ုပ်တို့၏ စနစ်သမီးလေး ဂျေမီ (Jamie) သည် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းပြုလုပ်ရာမှ သမ်းနည်းပက်လက်ဖြင့် ပြန်လာခဲ့သည်။ သူမ၏ အရင်းနှီးဆုံးသူငယ်ချင်းသည် အေအသင်းတွင် ပါဝင်ပြီး သူမက ဘီအသင်းတွင် ပါဝင်ရသောကြောင့် ဖြစ်သည်။ ကြင်နာတတ်ပြီး သိမြင်ခံစားလွယ်သော နလုံးသားရှိသည့် ဇနီးသည်က ဂျေမီ၏ ဝမ်းနည်းသောမျက်လုံးများကို တွေ့မြင်ခဲ့ပြီး ကျွန်ုပ်အားဂျေမီနှင့်အတူ နေပေးရန်ပြောခဲ့သည်။ ကျွန်ုပ်က ဂျေမီကိုဖက်ပြီး လှုပ်ကုလားထိုင်တွင် ဂျေမီနှင့်အတူထိုင်ကာ အချိန်အတော်ကြာအောင် လှုပ်ပေးနေခဲ့သည်။ ကျွန်ုပ်သည် အေအသင်းတွင်မပါဝင်ရဘဲ ပွဲကြည့်ပရိသတ် ခုံတန်းဘေးတွင် အကြိမ်များစွာ ထိုင်နေခဲ့ရကြောင်း ဘုရားသခင်က ကျွန်ုပ်တို့၏ အသင်းနံပါတ်ကိုမကြည့်ဘဲ ကျွန်ုပ်တို့ကိုမည်ကဲ့သို့ ကြည့်ရှုစောင့်ရှောက်ကြောင်း ပြောပြခဲ့သည်။ သူမအားအချိန်အတော်ကြာဖက်၍ ပုံပြင်များစွာပြောပြီးသောအခါ ဂျေမီသည်စိတ်ပြေသွားပြီး ပြုံး၍ထွက်ပြေးသွားသည်။ ထိုညက သူမအား ကျွန်ုပ်ကသိပ်၍နမ်းကာ နှုတ်ဆက်သောအခါ သူမ၏လက်ကလေး

များဖြင့် ကျွန်ုပ်၏လည်ပင်းကိုဖက်ကာ "သမီးစိတ်ချမ်းသာသွားအောင် ကြိုးစားပေးတဲ့ဖေဖေ့ကို ကျေးဇူးတင်ပါတယ်" ဟုတိုးတိုးပြောလိုက်ပါသည်။

## စိတ်အားထက်သန်ခြင်း

လူအများအား ဦးဆောင်ဦးရွက် ပြုနေကြရသော ခေါင်းဆောင်များသည် သူတို့ဦးဆောင်ရသော လူများအပေါ်တွင် စိတ်အားထက်သန်မှု ရှိကြသည်။ ဗိုလ်ချုပ်ကြီး ဒွိုက် ဒီ အိုက်ဆင်ဟောင်ဝါ (General Dwight D. Eisenhower) သည် ထိုအချက်ကိုနားလည်စေသည့် အကောင်းဆုံးနည်းလမ်းကို ရရှိခဲ့သည်။ သူက ကြိုးအတိုကလေးတစ်ချောင်းကိုယူ၍ စားပွဲပေါ်တွင်ချထားလိုက်သည်။ သူ၏ ပရိသတ်ကိုကြည့်လိုက်ပြီးနောက် ထိုကြိုးကလေးကို နောက်မှတွန်းလျှင် မည်သည့်နေရာသို့မျှ မရွေ့လျားဘဲ ကြိုးထိပ်ဖျားကိုဆုပ်ကိုင်ပြီးဆွဲလျှင် လိုရာသို့လိုက်ပါကြောင်းကို ပြသခဲ့သည်။ လူများအတွက် စိတ်ထက်သန်မှုက ထိုသူများကို သင်၏နောက်သို့ စိတ်ရောကိုယ်ပါ လိုက်ပါအောင် လှုံ့ဆော်နိုင်ပေသည်။

၎င်းတို့၏ ကလေးငယ်ကို အကြီးမြတ်ဆုံးသူအဖြစ် ယူဆသော ဖခင် သို့မဟုတ် မိခင်တစ်ဦးအတွက် သူ၏ကလေးများက ကြိုးစားအားထုတ်မှုကို ဘယ်သောအခါမျှ ရပ်တန့်လိမ့်မည်မဟုတ်။

ယနေ့ကာလတွင် လူငယ်များ မိမိကိုယ်မိမိ သေကြောင်းကြံမှုများ တဖြည်းဖြည်းတိုးပွားလာခြင်း၏ နောက်ကွယ်တွင် ကိုယ်တိုင်ရည်မှန်းချက် နည်းပါးသောဆယ်ကျော်သက် မျိုးဆက်တစ်ခုရှိနေသည်။ မိမိကိုယ်မိမိ သေကြောင်းကြံခြင်းသည် တန်ဖိုးမရှိဟူ၍ ခံစားရမှုနှင့် မိမိကိုယ်မိမိ အထင်ကြီးလေးစားမှု နည်းပါးမှုကို ဖော်ပြခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံတွင် တစ်နှစ်လျှင်ကလေးငယ်ပေါင်း တစ်သန်းကျော်ကျော်သည် မိမိကိုယ်မိမိ သေကြောင်းကြံရန် ဆုံးဖြတ်ကြသည်။ နှစ်စဉ် ၇၀၀၀ ခန့်မိမိကိုယ်မိမိ သေကြောင်းကြံခြင်းဖြင့် အသက်ဆုံးရှုံးကြရသည်။ အမေရိကန်ရေတပ်အတွက် ဆေးကုသမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုညွှန်ကြားရေးမှူး ဒေါက်တာ ဒဗလျူ အမ်အိုဟဲရစ်ဆန်က စုံစမ်းစစ်ဆေးမှုများစွာကို ပြုလုပ်ပြီးနောက်တွင် "မိမိကိုယ်မိမိ အထင်ကြီးလေးစားမှု နည်းပါးလွန်းသူများသည် တာဝန်ရှိသူများနှင့် ပြဿနာတက်လေ့ရှိကြကြောင်း၊ မူးယစ်ဆေးဝါးနှင့်အရက်ကို အဆက်မပြတ်သုံးစွဲလေ့ရှိကြကြောင်းနှင့် အတွင်းရေးဆိုင်ရာဆက်ဆံမှုများတည်ငြိမ်၊ ခိုင်မာစွာဖွံ့ဖြိုးတိုးတက်မှု နှေးကွေးကြောင်း" တွေ့ရှိရသည်ဟု ယုံကြည်ခဲ့သည်။

မိဘတစ်ဦးအနေဖြင့် အရေးကြီးဆုံးအဖြစ် ကျွန်ုပ်စွဲကိုင်ထားသောအချက်မှာ ကျွန်ုပ်သည် သားသမီးများ၏ ကြည့်မှန်တစ်ချပ်ပင်ဖြစ်သည်။ သူတို့ကို ကျွန်ုပ်မြင်သကဲ့သို့ သူတို့ကိုယ်သူတို့ မြင်ကြသည်။ ကျွန်ုပ်က ဝေဖန်သူဖြစ်လျှင် သူတို့ကတန်ဖိုးတဲ့သူအဖြစ်ခံစားကြရသည်။ ကျွန်ုပ်က သူတို့အပေး အကောင်းမြင်ပြီး စိတ်အားထက်သန်မှုရှိလျှင် သူတို့ကိုယ်သူတို့ တန်ဖိုးရှိသူများအဖြစ် ခံစားကြရသည်။ တစ်နေ့တွင် ကျွန်ုပ်ကသားကြီးအပေါ်၌ ပြစ်တင်ဝေဖန်မှု ပြုလုပ်လွန်းသဖြင့် ထိုအမှန်တရားကို ကျွန်ုပ်၏နှလုံးသားထဲသို့ ကျွန်ုပ်၏ ခံစားသိမြင်လွယ်သော ဇနီးသည်က မြုပ်နှံပေးခဲ့သည်။ သူမက "ကိုရေ သားက ကို့ရဲ့ချီးမွမ်းမှု၊ လက်ခံမှုကို အသေအလဲလိုချင်နေတာပါ။ သူလိမ်မာတာကိုများ ပြောမလားလို့ ကို့မျက်လုံးထဲကို သူတစ်ချိန်လုံးစိုက်ကြည့်နေတာ မတွေ့ဘူးလား" ဟုပြောခဲ့ပါသည်။

မိသားစုအများစုသည် ကလေးငယ်တစ်ဦး မွေးဖွားလာပါက ထိုကလေးငယ်နှင့် ပတ်သက်ပြီး လှုပ်ရှားတက်ကြွလေ့ ရှိကြသည်။ ကလေးငယ်နှင့် ဆက်နွယ်နေသော စိတ်လှုပ်ရှားမှုများနှင့်အတူ ကလေးအောက်ခံဘောင်းဘီ အညစ်အကြေးများ နို့ရည်ဖိတ်စင်ပေကျံမှုများအပြင် အိပ်ရေးပျက်သည့်ညများပါ တစ်ပါတည်းသယ်ဆောင်လာခဲ့သည်။ အဆိုပါ မိန်းကလေး သို့မဟုတ် ယောကျ်ားလေးသည် အရပ်အတန်အသင့် မြင်လာသောအခါ အဆိုပါ မတ်တတ်ပြေးစကလေး၏ နိစ္စဓူဝကိစ္စများဖြင့် လုံးပန်းနေကြရသောကြောင့် ကျွန်ုပ်တို့ ဆယ်ကျော်သက် သားသမီးများ၏ အရေးကိုဘေးဖယ်ထားလာ ခဲ့မိကြသည်။ အဆိုပါ ကလေးငယ်က ဖခင်၏ဆန့်ကျင်သော ဓလေ့စရိုက်များ သို့မဟုတ် အဆိုပါ မိန်းကလေးငယ်က မိခင်၏ဆန့်ကျင်သော ဓလေ့စရိုက်များကို အတုယူလေ့ရှိကြပြီး ယခင်က ကျွန်ုပ်တို့အားလှုံ့ဆော်ခဲ့ကြသော မျှော်လင့်ချက်များ အားကြီးစွာသော အဟန့်အတားဖြစ်လာစေတော့သည်။ ကလေးငယ်များသည် မျှော်လင့်ချက်များနှင့် အားတက်ရွှင်လန်းလာစေရန် ပုံမှန်ချီးမွမ်းမှုများဖြင့် အားဖြည့်ပေးရန်လိုအပ်ပါသည်။

ခေါင်းဆောင်တစ်ဦးသည် အပြောနှင့်အလုပ် တစ်သဝေမတိမ်း ကိုက်ညီရမည်။ ကျွန်ုပ်ဖခင်၏ အနှစ်သက်ဆုံး ကဗျာတစ်ပုဒ်သည် သူ၏ဘဝပုံစံပင်ဖြစ်သည်။

ကျွန်ုပ်သည် ဆုံးမစကားကြားရသည်ထက်
တစ်နေ့တွင် လက်တွေ့မြင်လိုပါသည်။
ကျွန်ုပ်အား လမ်းပြမည့်သူထက်
အတူလိုက်ပါမည့်သူ တစ်ဦးလိုချင်ပါသည်။
မျက်စေ့များသည် သွားများထက်ပို၍

စိတ်ထက်သန်သော တပည့်များ ဖြစ်ကြပါသည်။
အကြံပေးကောင်းသော်လည်း ရှုတ်ထွေးတတ်သည်။
သို့သော် လက်တွေ့ဥပမာကား
မြင်သာထင်ရှားလှပါသည်။
ဆုံးမစကားပြောကြားသူများတွင်
အတော်ဆုံးသူများကား
အပြောနှင့်အလုပ် ကိုက်ညီအောင်ကျင့်ကြံ
နေထိုင်သူများပင်တည်း။
ယင်းကား လူတိုင်းလိုအပ်သလို
ကျွန်ုပ်လည်း လေ့လာသင်ယူထိုက်သော အရာတည်း။
ကျွန်ုပ်အား ဤသို့ပြုကျင့် နေထိုင်သည်ကို
တွေ့မြင်ခွင့်ပြုပါက
သင့်လက်များ၏ လှုပ်ရှားဟန်များ
သင့်နှုတ်ထွက်စကားများ
သင်ပြောကြားသည့် ဆုံးမစကားများကို
မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ
ကျွန်ုပ်စောင့်ကြည့်လိုလှပါသည်။
ဤသို့ သင်လုပ်သမျှ စောင့်ကြည့်လေ့လာခြင်းဖြင့်
သင်နှင့် သင်ပေးသော မြင့်မြတ်လေ့လာခြင်းဖြင့်
ကျွန်ုပ်နားလည်နိုင်စွမ်း ရှိလာပါလိမ့်မည်။
သင့်အပြောနှင့် သင့်အလုပ်အပေါ်
ဇာတိရုပ်အမှန်ကို
ကျွန်ုပ်သံသယဖြစ်မည် မဟုတ်တော့ပါ။

(အမည်မသိစာဆို)

သင်၏ ကလေးငယ်များအား သင်တွေ့မြင်ချင်သော အရည်အသွေးရရှိအောင် သင်ကြားပေးနိုင်သည့် အကြီးမားဆုံး အခွင့်အလမ်းမှာ သင်၏ နေ့စဉ်နေထိုင်မှု ဘဝနေနည်းပင် ဖြစ်ပါသည်။ သင်၏ လှုပ်ရှားမှုမှန်သမျှကို သူတို့စောင့်ကြည့်နေကြသည်။ သင်၏ ပြောဆိုသမျှ အသံအနိမ့်အမြင့်ကို သူတို့ကြားနေကြသည်။ သင်၏ နှုတ်ထွက်စကားနှင့် ဆန့်ကျင်ဘက်ဖြစ်သော အပြုအမူနှင့် သဘောထားများကို သူတို့အထူးသဖြင့် ပုံတူပြုရန် စူးစမ်းနေကြပါသည်။

လူမှုရေး ပြဿနာနှင့် ကြုံတွေ့ရသော ဆယ်ကျော်သက်များတွင် တသမတ်တည်း တွေ့ရှိရသော နမူနာအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ကလေးငယ်တစ်ဦးတွင် လိမ့်လည်ပြောဆိုတတ်သော ပြဿနာရှိသည်။ သူ့ဖခင်ကို အပြင်မှမိတ်ဆွေက ဖုန်းဆက်လာသောအခါ ဖခင်က မောပန်းနေသဖြင့် သူ့မိခင်အား "ဖေဖေ အိမ်မှာမရှိဘူးလို့ပြောလိုက်" ဟုပြောခိုင်းသည်။ သူ့မိခင်က ဖတ်လက်စစာစောင်ကို နောက်တစ်မျက်နှာသို့ လှန်လိုက်ကာ "မပြောနိုင်ပါဘူး။ ဒီပိတ်ရက်မှာ ကျွန်မဆွေမျိုးတွေ လာလိမ့်မယ်" ဟုလှမ်းအော်ပြောလိုက်သည်။

၂။ ကလေးငယ်တစ်ဦးသည် အလျင်အမြန်ဆောင်ရွက်တတ်သော အလျင်စလိုပြုလုပ်တတ်သော ပြဿနာရှိသည်။ သူ၏ မိဘများကလည်း လောလောလုပ်တတ်ပြီး ကားမောင်းလျှင်ရဲများကို ရှောင်တတ်သောနည်းမျိုးစုံကို သုံးလေ့ရှိသည်။ ထိုသို့ မြန်မြန်သုတ်သုတ်လုပ်မှသာ အလုပ်ကို အချိန်ကိုက်ပြီးစီးမည်ဟု ယုံကြည်ကြသည်။

၃။ ဆယ်ကျော်သက်တစ်ဦးကမူ ဆေးခြောက်ရှူသည့် ပြဿနာရှိသည်။ မိဘများက လူမှုရေးကိုအကြောင်းပြု၍ အရက်သောက်သည်။ ကလေးငယ်က သူဆေးခြောက်ရှူခြင်းသည် မိဘများအရက်သောက်သလောက် မဆိုးသေးဟုယူဆသည်။ အသက်အရွယ်နှင့် ဥပဒေကြောင်းအရ အလွန်ကွာခြားမှုရှိကြောင်း မိဘများကရှင်းပြသည်။ ကလေးငယ်က သဘောတူခဲလှသည်။

၄။ ဆယ်ကျော်သက်တစ်ဦးအား သူ၏ယောကျ်ားလေး မိတ်ဆွေ သို့မဟုတ် မိန်းကလေး သူငယ်ချင်းများက လိင်မှုကိစ္စနှင့်ပတ်သက်၍ ဖိအားပေးခြင်းခံနေရသည်။ သူ၏မိဘများကလည်း အိမ်ထောင်ဖက် အချင်းချင်းအပေါ် သစ္စာမရှိဘဲ ဖောက်ပြန်ကြသည်။ ကလေးငယ်က သူ၏လိင်မှုဆိုင်ရာ အလေ့အကျင့်ကို ညနေခင်းတီဗွီ ဇာတ်လမ်းများ၊ ရုပ်ရှင်များ၊ ဆပ်ပြာကြော်ငြာများမှ သင်ယူတတ်မြောက်ခဲ့သည်။

ကျွန်ုပ်တို့၏ နေအိမ်များတွင် လူသတ်မှုကျူးလွန်ခြင်း၊ အဓမ္မပြုကျင့်မှု သို့မဟုတ် လိင်မှုဆိုင်ရာဖောက်ပြန်မှုများကို မည်သည့်

အခါတွင်မျှ ခွင့်မပြုကြပါ။ သို့သော် ထိုသို့ပြုကျင့်နေကြသူများကို တီဗွီများမှတစ်ဆင့် ကျွန်ုပ်တို့၏နေအိမ်များအတွင်း နာရီမခြားခွင့်ပြုနေခြင်းမှာကား အံ့သြစရာပင်။ ထို့ပြင် တီဗွီသည်တဖြည်းဖြည်း ကြီးပြင်းလာနေသော ကလေးငယ်တစ်ဦး၏ ဦးနှောက်ထဲသို့ စွဲငြိစရာများကို သွတ်သွင်းပေးနေကြပါသည်။

## တီထွင်ဖန်တီးမှု နေအိမ်ကိုအကောင်းဆုံးနားခိုရာ ဖြစ်စေခြင်း

"ကလေးငယ်များကို လူလိမ်မာကလေးများ ဖြစ်လာစေသည့် အကောင်းဆုံးနည်းမှာ သူတို့အား နေအိမ်တွင်ပျော်ရွှင် ချမ်းမြေ့အောင်ထိန်းသိမ်းထားခြင်း ဖြစ်သည်" ဟု အော်စကာဝိုင်းဒီး (Oscar Wilde) ကပြောခဲ့သည်။ နေအိမ်တစ်ခုကို အပျော်ရွှင်ဆုံးနားခိုရာဖြစ်အောင် ဖန်တီးတတ်သော ခေါင်းဆောင်နှင့်တူသော မိဘများရှိသည့် နေအိမ်တစ်ခုတွင် ကလေးများနေထိုင်ရခြင်းကို ချစ်မြတ်နိုးကြသည်။

မည်သည့်မိသားစုကမျှ မိမိ မိသားစုပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်စိတ်ကူးလေ့ မရှိကြပါ။ မိသားစုတိုးတက်အောင် ကြံစည်စိတ်ကူးရန် ပျက်ကွက်ကြခြင်းသာ ဖြစ်သည်။ သင်၏ ကလေးများ ဗွီဒီယိုဂိမ်း ကစားနေကြသည်ကို စိုးရိမ်လျှင် သို့မဟုတ် တီဗွီရှေ့တွင်ပင်ထိုင်၍ နာရီပေါင်းများစွာ အချိန်ဖြုန်းနေသည်ကို သောကရောက်နေလျှင် သို့မဟုတ် သူငယ်ချင်းများနှင့် ညဘက်ထွက်၍လည်ပတ်ခြင်းကို ကြောင့်ကြနေလျှင် သို့မဟုတ် သင့်တွင်စိတ်ချမ်းသာစရာ အချိန်ရရှိဖို့ခက်ခဲနေလျှင် သင့်အိမ်ကို ဒစ္စနေကမ္ဘာ (Disney World) ကဲ့သို့ ပျော်ရွှင်စရာကမ္ဘာဖြစ်အောင် ဖန်တီးရေးအတွက် ကျွန်ုပ်ကိုဆက်သွယ်လိုက်ပါ။

တီထွင်ဖန်တီးတတ်ပြီး မျှဝေတတ်သော ခေါင်းဆောင်တစ်ဦးဖြစ်လာရေးအတွက် ဦးစွာကြိုတင်လုပ်ဆောင်ရမည်မှာ ပျော်ရွှင်တတ်သော စိတ်ထားဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်သည်။ အမြဲတစေ ပျော်ရွှင်သော စိတ်နှလုံးရှိစေရန် ကြိုးပမ်းနေရခြင်းသည် ကျွန်ုပ်အတွက်အမြဲမပြတ် ကြုံတွေ့နေရသော စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ မိဘများအနေဖြင့် လုပ်ငန်းခွင်တွင်ဖြစ်စေ နေအိမ်တွင်ဖြစ်စေ တွေ့ကြုံနေကြရသည့် ဖိအားများကြောင့် စိတ်နှလုံးကို ပျော်ရွှင်စွာထားနိုင်ရေးကား ခဲယဉ်းလှပါသည်။ ကျွန်ုပ်မည်သို့ ပြုလုပ်မည်ထင်ပါသနည်း။ သင်၏ ကလေးများက သင့်အားပျော်ပျော်ရွှင်ရွှင် နေတတ်သောသူတစ်ဦးအဖြစ် မြတ်နိုးလေးစားလာရေးသည် အဓိကသော့ချက်ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

အိပ်ရာကနိုးထသည်နှင့် ကျွန်ုပ်ပြုလုပ်ရရှိခဲ့သော ကောင်းချီးမင်္ဂလာများကို ကျွန်ုပ်စတင်မှတ်သားပါသည်။ ထိုအခါ မျက်နှာတွင်ပြုံးရွှင်စ ပြုလာပါသည်။ ထိုနေ့သည်လည်း သာယာလှပါသည်။ ဖိအားတစ်ခုပေးလာတိုင်း ကျေးဇူးတင်ပါတယ်ဟူ၍ တုန့်ပြန်လေ့ရှိပါသည်။

ဒုတိယအချက်မှာ မိသားစုအဖြစ် ပျော်ရွှင်ဖွယ်ကောင်းသော အဓိပ္ပာယ်ပြည့်ဝတေ အချိန်များကို နေ့စဉ်အတူတကွ ဖန်တီးကာ မိသားစုဆက်ဆံရေး အောင်မြင်အောင် တည်ဆောက်ခြင်းဖြင့် နေအိမ်ကိုသာယာပျော်ရွှင်ဖွယ် ဝန်းကျင်တစ်ခုဖြစ်လာစေပါသည်။

တီဗွီကိုပိတ်လိုက်ပါ။ ထိုထက်ကောင်းသော အရာတစ်ခုဖြင့်အစားထိုးပါ။ ကျွန်ုပ်တို့အိမ်တွင် တီဗွီကိုသိပ်မကြည့်ကြပါ။ မိသားစုဘော်လီဘောကစားခြင်းကို ဘောလုံးကြီးတစ်လုံးဖြင့် အိပ်ရာပေါ်တွင် ကစားကြပါသည်။ ကျွန်ုပ်တို့တွင် ခန်းလုံးပြည့်မွေ့ရာကြီးနှင့် ခေါင်းအုန်းများ ရှိပါသည်။ ခေါင်းအုန်းများဖြင့် ပစ်ပေါက်ကစားကြပါသည်။ ကျွန်ုပ်တို့၏ အကောင်းဆုံးအချိန်များမှာ စနေနှင့် တနင်္ဂနွေပျော်ပွဲရွှင်ပွဲများ ဖြစ်ပါသည်။ ငါးမျှားခြင်း၊ စကိတ်စီးခြင်း (ဤတွင် ကျွန်ုပ်က မူကြိုကလေးများအကြား ကြီးကောင်ကြီးမားဖြစ်နေခြင်းကပို၍ပင် ရယ်စရာကောင်းပါသေးသည်။) မြင်းစီးခြင်း၊ တောင်တက်ခြင်း စသည်တို့ကို ပျော်ရွှင်စွာကစားကြပါသည်။

အောင်နိုင်သူကို ဆုချီးမြှင့်သော ဧည့်ခန်းတွင်ပင်ပြုလုပ်နိုင်သည်။ မိသားစုပျော်ပွဲရွှင်ပွဲ ကလေးများကား မည်သည့်အခါမျှ ရိုးအီသွားလေ့မရှိပါ။ မည်သည့်အသက်အရွယ်မဆို ကစားနိုင်သော ပျော်ပွဲရွှင်ပွဲအချို့ကို အောက်တွင်ဖော်ပြထားပါသည်။

၁။ ပူဖောင်းများကို မြှားဖြင့်ပစ်ဖေါက်ခြင်း၊ အောင်နိုင်သူအတွက် ဆုရေးထားသော စာရွက်ကို စာအိတ်ထဲတွင် ထည့်ထားသည်။

၂။ ခွက်ကလေးများကို တန်းစီထားပြီး အကြွေစေ့ကလေးများဖြင့်ပစ်ခြင်း။

၃။ တံမြက်စည်းတွင် ကောင်းဘွိုင်ဦးထုပ်ကို ပစ်ချိတ်ခြင်း။

၄။ ပင်ပေါင်ဘောလုံးကလေးများကို အရည်စုပ်သည့် ပလတ်စတစ်ပိုက်တံများဖြင့် မှုတ်၍အပြေးပြိုင်ခြင်း။

အောက်ပါကစားနည်းများကိုလည်း အချို့မိသားစုများ ကစားသည်ကိုတွေ့ဖူးသည်။

၁။ ညစာစားပြီးသောအခါ စားပွဲကိုရှင်းလင်း၍ မိသားစုက ၎င်းတို့၏ မေးဖျားများကို စားပွဲပေါ်တွင်တင်၍ ထိုင်ပါ။ စားပွဲအလယ်ကောင်တွင် ပင်ပေါင်ဘောလုံးကလေးကို ထား၍ ဝိုင်းပြီးလေဖြင့် မှုတ်တမ်းကစားပါ။ ပင်ပေါင်ဘောလုံး စားပွဲပေါ်မှ ကျသွားအောင်မှုတ်သောသူက ထမင်းဟင်း ပန်းကန်များကို ဆေးကြောရသည်။

၂။ နေ့စဉ် ကောင်းကျိုးကိုရှေ့ရှုသည့် လေ့ကျင့်ခန်းများကို အစားစားချိန်တွင် ပြုလုပ်ပါ။ ဖခင်က အိမ်မှုကိစ္စများကို တစ်နေ့တာတာဝန်ယူပြီး နောက်နေ့နံနက်တွင် မိသားစုစကားပြောဆိုမှုများကို ကြီးကြပ်ရမည်။ ထိုနေ့နံနက်စာစားချိန်တွင် စားပွဲအလယ်၌ ဘူးခွံတစ်ခုကို ချထားပါ။ ထိုအချိန်တွင် မိသားစုစကားပြောရာရှိ ဆန့်ကျင်စကား ရိုင်းစိုင်းသောစကား ဝေဖန်သောစကားပြောမိသူက သတ်

မှတ်သောဒဏ်ကြေးကို သူ၏ကိုယ်ပိုင်အသုံးစရိတ်ထဲမှ စားပွဲပေါ်ရှိဘူးခွံထဲသို့ ထည့်ရမည်။ ရက်သတ္တပတ် ကုန်ဆုံးသောအခါ ထိုဘူးခွံထဲရှိငွေများကို အလှူဒါနတစ်ခုခုပြုရသည်။

## နောက်လိုက်ကောင်းဖြစ်ခြင်း ခေါင်းဆောင်ကောင်းတစ်ဦးအတွက်ပုံသေနည်း

ထင်ရှားကျော်ကြားသော ဆရာတစ်ဦးကို အမေးခံရလေ့ရှိသော မေးခွန်းတစ်ခုမှာ "ဆရာဒီလိုကြီးမြတ်တဲ့ ခေါင်းဆောင်အဖြစ် ဘယ်လိုရောက်ရှိလာတာလဲ" ဟူ၍ဖြစ်ပါသည်။ အဖြေမှာ "ခေါင်းဆောင်ဖြစ်ချင်လျှင် ဦးစွာတပည့်ခံရမည်" ဟူ၍ပင်။ သူအသတ်မခံရမီညက သူတို့၏ရှေ့မှောက်တွင် တဆက်တစ်ထည်း ရေတစ်ခွက်ဖြင့် သူတို့၏ခြေထောက်များကို ဆေးကြောသန့်ရှင်းပေးသည်ကို တွေ့ရသောအခါ သူတို့ထိုသို့ ထင်ရှားလှသည့် စကားကိုသတိထားမိခဲ့ကြပါသည်။ ဂျေးဆက်ခရိုက်စ်၏ ထူးခြားလှသော တပည့်ကောင်း ဘဝကာလများပင် ဖြစ်ပါတော့သည်။

ယနေ့မှစ၍ နောက်နေ့များတွင် သင်၏ဇနီးသည်နှင့် ကလေးများ၏ အမည်များကို အချိန်ယူ၍ရေးမှတ်ပါ။ အမည်များ၏ဘေးတွင် သူတို့၏လိုအပ်ချက်များ ပြည့်စုံစေရန် သင်၏ဖြည့်ဆည်းပေးမှုများကို မှတ်သားထားပါ။ ယင်းသို့ရေးမှတ်ခြင်းကား သူတို့ကို ပျက်ဆီးသည့် အဓိပ္ပါယ်မသက်ရောက်ပါ။ မိသားစု၏ လိုအပ်ချက်များကို သင်ကဖြည့်ဆည်းပေးသည့် တန်ဖိုးကိုမြတ်နိုး လေးစားလာစေပါသည်။ ထို့ပြင် သူတို့နှင့်အတူနေပေးခြင်း၊ ဖက်ပွေ့ခြင်း၊ အားပေးခြင်း၊ ချီးမွမ်းစကားဆိုသည့် မှတ်ချက်ပါစာရွက် ကလေးများပေးခြင်း စသည့် မရေတွက်နိုင်သော ကြင်နာမှုပြု အပြုအမူများက သင့်အပေါ်သူတို့၏ ချစ်ခြင်းမေတ္တာကို တုန့်ပြန်လာစေပါသည်။

အင်္ဂလန်နိုင်ငံရှိ စိတ်ရောဂါကုဆေးရုံသစ်ကြီးတစ်ခုတွင် စိတ်ကစဥ့်ကလျား ရောဂါရှင်တစ်ဦးသည် စိတ်ဖိစီးမှုဒဏ်များကို ခံစားရပြီးနောက် လုံးစမလှုပ်ရှားနိုင်တော့ဘဲ အခန်းကျဉ်းလေးတစ်ခုရှိ အိပ်ရာပေါ်တွင် ပက်လက်လဲလျောင်းနေသည်။ သူမအားကုသ၍ မရတော့ဟုမှတ်ချက်ပြုထား ကြပါသည်။ သူမသည် စကားတစ်လုံးမျှ မပြောတော့သည့်အပြင် လှုပ်ရှားမှုလည်းမရှိတော့ပေ။

ဆေးရုံပတ်လည်ကို သန့်ရှင်းရေးလုပ်ရသော အလုပ်သမကလေးတစ်ဦးက သူမ၏အခန်းကျဉ်းလေးဘေးမှ နေ့စဉ်ဖြတ်သွားလေ့ရှိသည်။ အလုပ်သမကလေးက အခန်းဝရှိ အစားအသောက် ပန်းကန်ကို မလှုပ်ရှားနိုင်သော လူနာရှိရာသို့ရောက်အောင် သူမ၏ တံမြက်စည်းရိုးဖြင့် တွန်းပို့လေ့ရှိသည်။ သို့သော် သူမအခန်းဘေးမှ ထွက်မသွားခင်တွင် သန့်ရှင်းရေးအလုပ်သမလေးက တံမြက်စည်းရိုးဖြင့်လူနာကို ထိတို့အသိပေးလေ့ရှိသည်။ ထိုသို့ လူနာအားနေ့စဉ် တံမြက်စည်းရိုးဖြင့် ထိတို့ဆက်သွယ်ပေးနေသည့်သဘောမှာ "ဟေး မင်းကို ဂရုစိုက်တဲ့လူတစ်ယောက် ရှိသေးတယ်နော်။ အဲဒါကို မေ့မထားနဲ့။ ငါက မင်းကိုနေ့တိုင်း စောင့်ရှောက်နေတယ်။ ဂရုစိုက်စောင့်ကြည့်နေတယ်" ဟူသော အဓိပ္ပါယ်သက်ရောက်ပါသည်။ ရက်သတ္တပတ်ပေါင်းများစွာ ကြာသောအခါ လူနာသည်လှုပ်ရှား၍ ရလာသည်။ သတိလည်လာသည်။ ထိုနောက် အစားအစာကို သူမ၏လက်ဖြင့် ယူ၍စားလာနိုင်သည်။ မကြာခင်မှာပင် ထိုင်နိုင်လာသည်။ အချိန်ကြာလာသည်နှင့်အမျှ သူမသည် သန့်ရှင်းရေးအလုပ်သမလေးနှင့် ဆက်သွယ်ပြောဆိုလာသည်။ နောက်ဆုံးတွင် သူမလုံးဝပျောက်ကင်းသွားခဲ့ပါသည်။

လပေါင်းများစွာ ကြာလာသောအခါ အဆိုပါ စိတ်ဆေးရုံ၏ဒါရိုက်တာသည် အလာဘာမာ (Alabama) ရှိ တပ်စ်ကန်ဆဇ် (Tuscumbiz) မှ အမျိုးသားတစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ ထိုအမျိုးသားက ကုသ၍မရတော့သော မျက်စိမမြင်၊ နားမကြားသူတစ်ဦးအားစောင့်ရှောက်ပေးမည့်သူတစ်ဦးကို လာရောက်တောင်းဆိုခြင်းဖြစ်သည်။ ထိုနောက် ဒါရိုက်တာက ဖော်ပြပါအဖြစ်အပျက်တွင် ရောဂါပျောက်ကင်း၍ ဆေးရုံမှဆင်းသွားသော မိန်းကလေး၏ နေအိမ်တွင်နေခွင့်ပြုခဲ့သည်။ မျက်မမြင်ကလေးမလေး ဟယ်လင်ကဲလား (Helen Keller) အား သမိုင်းတွင်စေသော လေ့ကျင့်မှုကို ဆောင်ရွက်ပေးခဲ့သူကား စိတ္တဇရောဂါမှ ထူးဆန်းစွာပျောက်ကင်းလာခဲ့သူ အင်နီးဆူလီဗန် (Annie Sulliuan) ပင်ဖြစ်ပါတော့သည်။

ချစ်ခြင်းမေတ္တာသည် လက်တွေ့ဆန်သော လိုအပ်ချက်မှန်သမျှကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသည်။ တံမြက်စည်းရိုးတံကလေးဖြင့်ထိတွေ့ ဆက်သွယ်ပေးသော ချစ်ခြင်းမေတ္တာသည်ပင် မည်မျှအစွမ်းထက်လှပါသနည်း။

ယနေ့ကာလ ဆယ်ကျော်သက်များသည် မျှော်လင့်ချက်ကင်းမဲ့နေပုံရကြသည်။ သူတို့၏ သဘောထားများနှင့် လုပ်ဆောင်ချက်များကလည်း စိတ်ပျက်စရာကောင်းလှသည်။ သို့ရာတွင် မိဘများက "တံမြက်စည်းရိုးထိပ်ဖျားနှင့် တို့ပေးသကဲ့သို့" ချစ်ခြင်းမေတ္တာကို အဆက်မပြတ် တို့ထိပေးလျှင် သူတို့၏ဘဝများတွင် မမျှော်မှန်းနိုင်သော အောင်မြင်မှုများကို ရရှိကြပါလိမ့်မည်။

## စည်းကမ်း လိုအပ်သောဟန်ချက်ညီမျှမှု

"စည်းကမ်းတစ်ခု ဖေါက်ရင်အပြစ်ပေးခံရမှာပဲ" ဟု ကျွန်ုပ်ဖခင်က မိသားစုစည်းကမ်းကို ချမှတ်ထားသည်။ သူသည် ကျွန်ုပ်တို့အား တင်ပါးမှလွဲ၍ အခြားနေရာများကို မရိုက်ပါ။ ရိုက်ပြန်လျှင်လည်း အရိုးရာမထင်ပါ။ သို့သော် စိတ်ထဲတွင်တော့ စွဲမှတ်သွားစေပါသည်။

ထိရောက်သော စည်းကမ်းတွင် လိုအပ်သောအခြေခံ ကြိုတင်ပြင်ဆင်မှုများ ရှိရပါမည်။

**၁။ တိကျသော လမ်းညွှန်မှုဖြစ်ပါစေ။** စည်းကမ်းချမှတ်ရာတွင် စည်းကမ်းသတ်မှတ်ချက်များကို တည်ငြိမ်သောအသံ မျက်နှာအမူအရာနှင့် စကားလုံးများရွေးချယ်သုံးနှုန်း၍ တိကျစွာရှင်းပြပါ။

**၂။ လမ်းညွှန်ချက်များကို နားလည်လွယ်ပါစေ။** စည်းကမ်းများကို အလွယ်တကူလိုက်နာနိုင်စေရေးအတွက် အချိန်ယူ ပြီးရှင်းပြပါ။

**၃။ အပြစ်ပေးခြင်းကို အဓိပ္ပါယ်တိကျစွာရှင်းပြပါ။** လိမ်လည်ပြောဆိုမှုအတွက် ပြုပြင်သောစည်းကမ်း တစ်ရပ်ရှိရမည်။ အပြစ်ပေးရာတွင် လွန်ကဲခြင်းမျိုးမဖြစ်စေပဲ စိတ်ထဲတွင်စွဲမှတ်စေရုံသာ ဆောင်ရွက်ပါ။

**၄။ စည်းကမ်းအတိုင်းလိုက်နာပါ။** ထိရောက်သောစည်းကမ်းများတွင် –

က။ အကြောင်းပြချက်ခိုင်လုံရမည်။

ခ။ ရှင်းလင်းပြရမည်။ ရှင်းပြချက်ကို နားထောင်ရမည်။

ဂ။ ကားတယ်လီဖုန်းသုံးခွင့်ပေးပါ။ တီဗွီမကြည့်ပါစေနှင့်။

ဃ။ ချစ်ခြင်းမေတ္တာ မပါသောစည်းကမ်းသည် မိဘများအား ထိခိုက်နာကျင်စေနိုင်သည်။

င။ မိဘများက စိတ်ပျက်လက်လျှော့ခြင်းမပြုအပ်။

စ။ အခွင့်အရေးများနှင့် သုံးစွဲခွင့်များကို ရုတ်သိမ်းခြင်း။

ဆ။ တုန်/ကြိမ်ဖြင့်ရိုက်ခြင်း

ဇ။ မည်သို့မှားယွင်းသည် မည်သို့ပြုပြင်ရမည်ကို ရှင်းပြပါ။

**၅။ စည်းကမ်းများကိုဒေါသဖြင့် မချမှတ်ပါနှင့်။** စိတ်အေးအေးထားပါ။ တွေးခေါ်စဉ်းစားပါ။ စိတ်အေးလက်အေးဖြင့် အတူတကွထိုင်ပြီး ပြောဆိုကာ ချစ်ခြင်းမေတ္တာကို ပြသရန်အတွက် အချိန်ယူစောင့်ဆိုင်းပါ။

**၆။ အလေးထားရမည့်ကိစ္စ အသေးအဖွဲကလေးများမှစတင်၍ စည်းကမ်းသတ်မှတ်ပါ။** "ဟုတ်ကဲ့ခင်ဗျာ" "မေမေ့ကိုပြန် မပြောနဲ့" ဤသို့သော အလေးထားအပ်သည့် ကိစ္စမျိုးများကို နေအိမ်တွင်ပင် စတင်၍ထိရောက်စွာ သွန်သင်ပေးနိုင်ပါသည်။

## ခေါင်းဆောင်မှုအတွက်စွမ်းအား

လွန်ခဲ့သောနှစ်ပေါင်းများစွာက မသန်မစွမ်းသည့်အပြင် မျက်စိမမြင်ရှာသော ယောကျ်ားလေးတစ်ဦးသည် ဂျိုင်းထောက်လေးတစ်ခု ပေါ်တွင်အားပြုရပ်ကာ ကျန်လက်တစ်ဘက်တွင် ခဲတံများနှင့် ငွေအကြွေစေ့များ ထည့်ထားသည့်လင်ဘန်းကလေးကို ကိုင်လျက် သူ၏ ထမင်းဖိုးအတွက် လူစည်ကားသော ကာလီဖိုးနီးယား ဘူတာရုံတွင် အော်ဟစ်ရောင်းချလျက်ရှိသည်။ ထိုအချိန်တွင် ရထားနောက်ကျနေ သောယောကျ်ားကြီးတစ်ဦးက ဘူတာရုံထဲသို့ အပြေးအလွှားဝင်ရောက်လာကာ ထိုကလေးငယ်အား ဝင်တိုက်လိုက်သဖြင့် ကလေးငယ် လေးလဲကျသွားသည်။ ဘန်းကလေးလည်း လွင့်သွားပြီးခဲတံများနှင့် ငွေအကြွေများ ပြန့်ကျဲကုန်သည်။ ထိုယောကျ်ားကြီးက လှည့်၍ပင် မကြည့်ဘဲ ရထားပေါ်သို့ ကမန်းကတန်း တက်သွားသည်။ ထိုအခိုက်တွင်ပင် ဒုတိယအမျိုးသားကြီးတစ်ယောက်က လူငယ်လေးအား ပြေး၍ထူကာ ဂျိုင်းထောက်ကိုနေသားတစ်ကျ တပ်ဆင်ပေးပြီး ပြန့်ကျဲနေသော ခဲတံကလေးများနှင့် ပိုက်ဆံအကြွေများကို လင်ဗန်းထဲ တွင်စနစ်တကျ ပြန်စီကာလူငယ်လေး၏ လက်ထဲသို့ထိုးထည့်ပေးလိုက်သည်။ လူငယ်လေး၏ လက်များကတုန်ရီနေကြသည်။ ထိုလူ ကြီးက ငွေအကြွေအချို့ကို ထပ်မံဖြည့်ထည့်ပေးလိုက်ပြီး လှည့်ထွက်မည်အလုပ်တွင် လူငယ်က "လူကြီးမင်းခင်ဗျား လူကြီးမင်းဟာ ဂျီးဆက် (Jesus) ပါလား" ဟုအော်မေးလိုက်သံကြောင့် တုန့်ကနဲရပ်သွားမိသည်။

"မဟုတ်ပါဘူးသားရယ်။ ငါက သူ့ရဲ့သားသမီးတစ်ယောက်ပါဘဲ" ဟုလှိုက်လှဲစွာ ပြန်ဖြေလိုက်သည်။

"ဒါကြောင့်မို့ ခင်ဗျားဟာ သူနဲ့အမျိုးတော်မှန်း ကျွန်တော်သိနေတာပေါ့"

မိသားစုအတွင်းတွင်ဖြစ်စေ ပြင်ပတွင်ဖြစ်စေ ဆယ်ကျော်သက်များနှင့် အလုပ်လုပ်နေကြသူ ထောင်ပေါင်းများစွာထဲ၌ အချို့ သာလျှင် ခရစ်တော်နှင့် စရိုက်လက္ခဏာ အတူညီဆုံးဖြစ်ပြီး အအောင်မြင်ဆုံးနှင့် အထင်ရှားဆုံးဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။

ခရစ်တော်နေထိုင်သကဲ့သို့ အသက်ရှင်နေထိုင်ရေးမှာ ကျွန်ုပ်အတွက်မဖြစ်နိုင်ပါ။ ထိုကိစ္စသည် တစ်ခါတစ်ရံ အလွန်ထိခိုက် နာကျင်ဘွယ်ကောင်းသည်။ ကျွန်ုပ်၏ရည်မှန်းချက်များကို အကြိမ်မည်မျှ ကာလမည်မျှ မျက်ခြေပြတ်ခဲ့သနည်း။ သို့ရာတွင် ဤရည်မှန်း ချက်ဟူသော တောင်ကြီးကိုတက်ရောက်သည့်ဖြစ်စဉ်၌ နေ့စဉ်ပင်ပျော်ရွှင်မှုနှင့် စိတ်ကျေနပ်မှုကို ခံစားရသည်။ သူ၏ အတ္ထုပတ္တိစာအုပ် သည်ကျွန်ုပ်အတွက် နံပါတ်(၁) ရောင်းအကောင်းဆုံး စာအုပ်ဖြစ်ခဲ့သည်။ ထိုစာအုပ်ကို ကျွန်ုပ်နေ့စဉ်ပင် မှန်မိသည်ရှိအောင် ကြိုးစား သည်။ သူ၏အတွေးများကို ကျွန်ုပ်အတွေးများဖြစ်စေချင်သည်။ သူ၏ စိတ်ရှည်မှု၊ ရည်စူးမှုနှင့် ချစ်ခြင်းမေတ္တာတို့ကို ကျွန်ုပ်၏ စိတ်ရှည်မှု၊ ရည်စူးမှုနှင့် ချစ်ခြင်းမေတ္တာတို့အဖြစ် လိုချင်လှေ့ရှိကြသည်။

သမ္မာကျမ်းစာပါ ကဗျာလင်္ကာများကို ကျွန်ုပ်နှင့် ကျွန်ုပ်ကလေးငယ်များ နေ့စဉ်ဖတ်ကြ မှတ်ကြသည်။ စိတ်ဝင်စားဖွယ်ကောင်း သောစကားလုံးတိုင်း၏ အဓိပ္ပါယ်ကို ဆွေးနွေးကြသည်။ "ဒါကဘာအဓိပ္ပါယ်လည်း ဖေဖေ" ဟုမေးကြသည်။ "နိုင်လိုမင်းထက်ပြုခြင်း" "ဖြစ်မလာသေးသော" ကဲ့သို့စကားလုံးမျိုးများသည် ကျွန်ုပ်သိနေသော်လည်း သူတို့နားလည်အောင် ရှင်းပြရန်အတော်ကြိုးစားရသည်။

သို့ရာတွင် ထိုအခိုပွါယ်များ သူတို့၏နှလုံးသားထဲသို့ ဆွဲတင်သွားရန် ကုန်ဆုံးရသော အကြိမ်ထက်သာလွန်ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုမျိုးကား မရှိနိုင်ပေ။

## ဘုရားသခင်၏မေတ္တာတော်ကဲ့သို့ချစ်ခြင်းမေတ္တာထားခြင်း

နယူရော့ပြည်နယ်၏ သာယာလှပသော ကျေးလက်ဒေသတစ်ခုတွင် သန်းကြွယ်သူဌေးကြီးတစ်ဦးသည် သူ၏ဇနီးသည် သူ၏ပစ္စည်းဥစ္စာများနှင့်အတူ နေထိုင်ကြသည်။ သူတို့တွင် သားသမီးမရှိပေ။ သူက သူ့မှာအမွေဆက်ခံစရာ သားကလေးတစ်ယောက်မြတ်နိုးတွယ်တာစရာ သားကလေးတစ်ယောက်များရရင် သူ့မှာရှိသမျှ ပစ္စည်းတွေပုံပေးလိုက်ချင်ပါရဲ့ဟု ပြောလေ့ရှိသည်။ ဇနီးသည်မှာ ၃၀ ကျော်ပြီး အသက်၄၀ထဲဝင်ရောက်လာသဖြင့် သူ့အတွက်မျှော်လင့်ချက်ကင်းမဲ့ နေခဲ့ရသည်။ သို့ဖြင့် ကံကောင်းထောက်မသော နေ့တစ်နေ့တွင် သူ့ဇနီးသည်၌ ကိုယ်ဝန်ရှိခဲ့သည်။

ဇနီးသည်သည် ဒေါင်းဆင်ဒရွန်း လက္ခဏာရှိသော ဉာဏ်ရည်မမီ သားကလေးတစ်ဦးကို အသက်စွန့်၍မွေးဖွားပေးခဲ့သည်။ ကလေးငယ်သည် သူ့သားကလေးအား သာမန်လူသားတစ်ဦးကဲ့သို့ပင် အသက်ကိုပုံ၍ချစ်ခဲ့သည်။

ထိုကလေးငယ်သည် အသက်(၁၂)နှစ်သားအရွယ်တွင် သေဆုံးခဲ့သည်။ ဖခင်ကြီးခင်ဗျာလည်း မကြာခင်မှာပင် ရင်ကွဲနာကျကာဇနီးသည်နှင့် သား၏နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားတော့သည်။ ဖခင်၏ စည်းစိမ်ဥစ္စာများကို အမွေဆက်ခံမည့်သူမရှိသောကြောင့် သေတမ်းစာအရ ပိုင်ဆိုင်ပစ္စည်းများကို လေလံတင်ရောင်းချရမည်ဖြစ်သည်။ လေလံတင်မည့်သူက အိမ်များ၊ မြေများနှင့်မွေးမြူရေးခြံများကို အမြင့်ဆုံးဈေးဖြင့် ရောင်းချပေတော့သည်။ လေလံပွဲသို့ မိုင်ပေါင်းများစွာ ဝေးကွာသောဒေသများမှ လူချမ်းသာများရောက်ရှိလာကြသည်။ လေလံတင်သူက ရှေးဦးစွာ ၁၁× ၁၄ လက်မအရွယ် မွန်ရိုးမျက်နှာပေါက်မျိုးရှိသော ယောကျ်ားလေးတစ်ဦး၏ပုံကိုစတင်ရောင်းချသည်။ “ကဲ ဒီပုံကို ဘယ်လောက်ပေးကြမလဲ” ဟုအော်၍မေးလိုက်သည်။ တစ်ယောက်မျှ စိတ်ဝင်စားပုံမပေါ်ပါ။ ပရိသတ်များမှာ အပ်ကျသံမျှပင် မကြားရဘဲ တိတ်ဆိတ်နေကြသည်။ သူတို့က တန်ဖိုးရှိသည့်ပစ္စည်းများ ရောင်းချမည့်အချိန်ကိုသာ မျှော်လင့်နေကြသည်။

“ကဲ ဒီပစ္စည်းတွေကို ဘယ်သူဆွဲကြမလဲ။ လေလံဆွဲမယ့်သူ တစ်ယောက်မှမရှိဘူးလား၊ မရှိရင်နောက်ပစ္စည်းတစ်ခုဆက်မယ်” ဟုပြောလိုက်သည့် နောက်ဆုံးမိနစ်လေးတွင်ပင် ပရိသတ်ထဲမှ အမျိုးသမီးခပ်ညက်ညက် တစ်ဦးက “ကျွန်မငါးဒေါ်လာပေးမယ်၊ ကျွန်မမှာရှိသမျှ ဒါအကုန်ပါဘဲ” ဟုထပြောလိုက်သည်။ သူမကား ထိုကလေးငယ်ကို ၁၂နှစ်ကြာသည့်တိုင်အောင် ပြုစုစောင့်ရှောက်ခဲ့ရသည့် အိမ်ဖော်မလေးပင် ဖြစ်ပါသည်။

“ကဲ ၁၀ဒေါ်လာ ဘယ်သူပေးမလဲ။ နောက်တစ်ကြိမ်ခေါ်မယ်။ ၁၀ ဒေါ်လာဘယ်သူပေးမလဲ။ နောက်ဆုံးအကြိမ်ခေါ်မယ်။ ၁၀ ဒေါ်လာဘယ်သူပေးမဲ့သူရှိလား။ ကဲ မရှိတော့ဘူးဆိုရင် ဟောဒီအမျိုးသမီးကို ငါးဒေါ်လာနဲ့ပဲရောင်းပါတယ်”

ထို့နောက် လေလံတင်သူက ဓါတ်ပုံနောက်ကျောတွင် ကပ်ထားသောစာအိတ်တစ်အိတ်ကို ဖွင့်လိုက်ကာအထဲမှစာအား လေလံအောင်သူ အမျိုးသမီးငယ်သို့ လှမ်းပေးလိုက်ပါသည်။ ထိုစာမှာ ဖခင်ကြီးမသေခင် သူ၏မျက်မှောက်၌ သူကိုယ်တိုင်ရေးထားခြင်းဖြစ်ပြီး လက်မှတ်ရေးထိုးထားကာ သေတမ်းစာအဖြစ်တရားဝင် မှတ်ပုံတင်ထားသည်။ စာထဲတွင်ကား

“ကျွန်ုပ်၏ ချစ်လှစွာသော သားကလေး၏ ဓါတ်ပုံကိုဝယ်ယူရန် ဆုံးဖြတ်ထားသော ပုဂ္ဂိုလ်အား ကျွန်ုပ်၏ပိုင်ဆိုင်ပစ္စည်းအားလုံးကို လွှဲပြောင်းဆက်ခံစေသည်။”

လေလံတင်သူက တူကိုထုလိုက်ကာ “လေလံပွဲပြီးပါပြီ” ဟုကျေညာလိုက်တော့သည်။ ထိုအဖြစ်အပျက်ကလေးက လေလံဆွဲသူပရိသတ်များ၏ စိတ်နှလုံးထဲတွင် နှစ်ပေါင်းများစွာ စွဲထင်နေခဲ့ပေသည်။

ဤကား သင့်အတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို တိကျစွာဖော်ပြသော ဓါတ်ပုံကားတစ်ချပ်ပင်ဖြစ်သည်။ သူက “ကျွနုပ်ဂျီးဆက်၏သားကို ချစ်သောပုဂ္ဂိုလ် သူ့အတွက်အသက်ကို စွန့်ဝံ့သောပုဂ္ဂိုလ်အား သူ့တွင်ရှိသမျှအားလုံးပေးမည်” ဟုဆိုလိုခြင်းပင်ဖြစ်သည်။ “သင့်တွင်ကော ဤသို့သော ချစ်ခြင်းမေတ္တာများ ရှိပါသလား” “ထိုချစ်ခြင်းမေတ္တာကို သင်၏သားသမီးများအား မျှဝေပေးပါသလား”

“မိမိသားတော်ရင်းကို မနှမြောဘဲ ငါတို့ရှိသမျှအဖို့အလို့ငှာ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း” (ရောမဩဝါဒစာ ၈း၃၂)

## နိဂုံးစကား

တက်ဆတ်ရှိလူငယ်အဖွဲ့မှ ကားဖဲလေး (Car Farley) က “ယောကျ်ားကလေးသာလျှင် အမျိုးသားကြီးအဖြစ် ဘုရားသခင်ကအသုံးပြုနိုင်သည်ဖြစ်သည်ဟု တစ်ခါကပြောခဲ့သည်။ သားယောကျ်ားအားဖြစ်စေ မိန်းကလေးဖြစ်စေ သူတို့၏ သူရဲကောင်းများဖြစ်ကြသော မိခင်နှင့်ဖခင်တို့သည် အကြွင်းမဲ့သော ချစ်ခြင်းမေတ္တာ၊ စစ်မှန်သောစိတ်အားထက်သန်မှု၊ တသမတ်တည်းသင်ကြားပေးသော

ပုံစံ၊ ဘဝတွင်ဖန်တီးတည်ထွင်မှု၊ စိတ်ထက်သန်စွာ ထမ်းရွက်လိုမှု၊ ဟန်ချက်ညီမျှသော စည်းကမ်း၊ ဘုရားသခင်နှင့်တူသောအသွင်နှင့် ခိုင်မာသော ဆုတောင်းသူဘဝတို့ကို ပြုမူပြောဆိုကျင့်ကြံနေထိုင်ခြင်းအား တွေ့မြင်ကြရလျှင် ထိုသားယောကျ်ားလေး သို့မဟုတ် သမီးမိန်းကလေးသည်လည်း အရည်အသွေးပြည့်ဝသော ပုဂ္ဂိုလ်၊ သင့်ဦးခေါင်းထက်ရှိသရဖူ၏ အဖိုးတန်သောရတနာ၊ ခရစ်တော်အား ကျက်သရေတော်နှင့် မြင့်မြတ်မှုတို့ကို ထာဝရသယ်ဆောင်ပေးမည့် သား/သမီးကောင်းရတနာလေးများအဖြစ် ကြီးပြင်းလာကြပါလိမ့်မည်။